# (၁၁)နှစ်မြောက် ချင်းတော်လှန်ရေးနေ့နှင့်ပတ်သက်၍ ချင်းအမျိုးသားတပ်ဦး၏ ထုတ်ပြန်ကြေညာချက်

၁၉၉၉ ခုနှစ်၊ မတ်လ(၂၀)ရက်နေ့သည် အမျိုးသားရေးရပ်တည်ရှင်သန်နိုင်ရေးနှင့် စစ်အာဏာရှင်စနစ်ဖြုတ်ချပြီး ဒီမိုက ရေစီစနစ် ထွန်းကားရေးအတွက် မားမားမတ်မတ်ရပ်တည်လာခဲ့သည့်(၁၁)နှစ်မြောက် ချင်းတော်လှန်ရေးနေ့ အခါသမယ ဖြစ်ပေသည်။

၁၉၉၃ ခုနှစ်၊ ဇွန်လနှင့် ၁၉၉၇ ခုနှစ်၊ဇွန်လများတွင် ပထမအကြိမ်နှင့် ဒုတိယအကြိမ် ချင်းအမျိုးသားတပ်ဦး၏ပါတီညီ လာခံကြီးများကို အောင်မြင်စွာကျင်းပနိုင်ခဲ့ပြီး ချင်းအမျိုးသားထုတရပ်လုံး ကိုယ့်ကြမ္မာကို ဖန်တီးနိုင်ရေးနှင့်စစ်မှန် သောဒီမိုကရေစီစနစ် တည်ဆောက်ရေးဟူသောရည်မှန်းချက်ပန်းတိုင်ဖြင့်အမိချင်းလဲန်၏အနာဂတ်သစ်ဆီသို့ တက်ကြွ စွာ ချီတက်လျှက်ရှိပေသည်။

ချင်းအမျိုးသားတပ်ဦးသည် ယနေ့တော်လှန်ရေးဆင်နွဲနေသည့်ကာလတွင်လည်း ပြည်သူများနှင့်လက်တွဲ၍ ပြည်သူ့ ကျန်းမာရေး၊ ပညာရေး၊ စီးပွားရေးနှင့်ဖွံ့ဖြိုးရေးစသည့် ပြည်သူ့အကျိုးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပါသည်။

စစ်အာဏာရှင်စနစ်ဖျက်သိမ်းရေး၊ ဒီမိုကရေစီစနစ်ထူထောင်ရေးနှင့် ဖက်ဒရယ်ပြည်ထောင်စုကြီးတည်ဆောက်ရေးတို့ အတွက် တိုင်းရင်းသားလက်နက်ကိုင်အင်အားစုများ၊ ဒီမိုကရေစီအင်အားစုများနှင့်အတူ လက်တွဲမဖြုတ် တိုက်ပွဲဝင် လျက်ရှိပေသည်။ ၎င်းအပြင် ကမ္ဘာ့ကုလသမဂ္ဂနှင့် ၎င်း၏လက်အောက်ခံအဖွဲ့အစည်းများသို့လည်း မိမိတို့၏အမျိုး သားရေးကို အခါအားလျော်စွာ တင်ပြမှုများ ပြုလုပ်ခဲ့ပါသည်။

ချင်းအမျိုးသားတရပ်လုံး သွေးစည်းညီညွတ်ရေးကို ဦးတည်၍ ပြည်တွင်းပြည်ပများတွင် စည်းရုံးရေးလုပ်ငန်းများ ကျယ်ကျယ်ပြန့်ပြန့် ပြုလုပ်နေပါသည်။ ထိုသို့ပြုလုပ်ရာတွင် ပြည်တွင်းပြည်ပရှိ ချင်းမျိုးချစ်ပုဂ္ဂိုလ်များ၊ ဒီမိုကရေစီမြတ် နိုးသူများ ထိထိရောက်ရောက် လက်တွဲဆောင်ရွက်ရန် လိုအပ်လှပါသည်။

ယနေ့လက်ရှိအခြေအနေသည် အလွန်ကြပ်တည်းသော စီးပွားရေးကပ်ဆိုက်မှုကြောင့်၎င်း၊ စစ်အုပ်စု၏လူမဆန် ရမ်းကားမှုနှင့် ဖိနှိပ်သွေးစုပ်ချယ်လှယ်မှုကြောင့်၎င်း၊ အချို့သောပြည်သူများသည် အမျိုးသားလွတ်မြောက်ရေးနှင့် ဒီမိုကရေစီတော်လှန်ရေးတိုက်ပွဲတွင် ပါဝင်ရန် ကြောက်ရွံ့ထိတ်လန့်နေကြသည်ကို တွေ့ရှိရပေသည်။ ဤ အကြောင်း တရားကို ခိုင်မာသော ယုံကြည်ချက်ဖြင့် ဖယ်ရှား၍ တိုက်ပွဲဆင်နွှဲခြင်းဖြင့် သာယာဝပြောသော လူ့ဘောင် တည် ဆောက် ရန်ဖြစ်ကြောင်း ထုတ်ပြန်ကြေညာအပ်ပါသည်။

၁၉၉၉ ခုနှစ်၊ မတ်လ (၂၀) ရက်နေ့။ ဗဟိုကော်မီတီ